သစ်ယာဝကျေးရွာ

မြိတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သစ်ယာဝကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **သစ်ယာဝကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၉ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၉ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၀ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၉ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၇ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၉ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၇၁ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဗေယာများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဗေယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သစ်ယာဝကျေးရွာ

မြိတ်မြို့နယ်

## သစ်ယာဝကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

သစ်ယာဝကျေးရွာအုပ်စုသည် မြိတ်မြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး၊ အရှေ့ဘက်တွင် သမုတ်ကျေးရွာအုပ်စု၊ အနောက်ဘက်တွင် ကလွင်ကျေးရွာအုပ်စု၊ တောင်ဘက်တွင် ကျောက်ဖျာကျေးရွာအုပ်စု၊ မြောက်ဘက်တွင် ပဆွပ်ကျေးရွာအုပ်စုနှင့် ပပြင်ကျေးရွာအုပ်စုတို့ဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ သစ်ယာဝကျေးရွာ၏ အကျယ်အဝန်းမှာ ဧကအားဖြင့် (၁၉၇,၇၇၅) ဧက ရှိပါသည်။ ကျေးရွာ၏ အနောက်တောင်ဘက်တွင် ကျွဲကူး-ကျောက်ဖျာမြစ် စီးဆင်းနေပါသည်။ သစ်ယာဝကျေးရွာသည် ပထဝီဝင် အနေအထားအရ မြေပြန့်ဇရိယာ ပေါများပြီး၊ တောင်ကုန်း၊ တောင်တန်းများလည်း ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

သစ်ယာဝကျေးရွာသည် ပူရှိမိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့် ဒေသအတွင်း တည်ရှိပါသည်။ အမြင့်ဆုံးအပူချိန် (၄၁.၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၁၄.၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များမှာ ကညင်ပင်၊ ပိတောက်၊ သပြေပင်၊ သစ်ယား၊ တကူ စသည့် အခြားသစ်ပင်များစွာ ရှိပါသည်။ အခြားသော သတ္တု၊ ကျောက်မျက်၊ ခဲ စသည့် သယံဇာတတွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ သဘာဂ အပင်မျိုးစိတ်များ၊ ဘဘာဝ တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သစ်ယာဝကျေးရွာတွင် အိမ်ထောင်စု (၄၂၉) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၁၉၄၂) ဦးရှိပါသည်။ သစ်ယာဝကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/သမီး အဖွဲ့စသည်ဖြင့် အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုအားနည်းလျက် ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင် သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သစ်ယာဝကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသော နိုင်ငံတကာ အဖွဲ့အစည်းများ/ ကျေးရွာပြင်ပမှ လူမှုကူညီရေးအဖွဲ့များ မရှိပါ။ ပြည်တွင်း/ ပြည်ပကူညီရေးအဖွဲ့များအား သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

သစ်ယာဝကျေးရွာတွင် လယ်မြေ (၁၅၆၈) ဧက၊ ဥယျာဉ်ခြံမြေ (၄၅၆) ဧက၊ ဓနိတောမြေ (၉၀) ဧကနှင့် မြေလွတ်မြေလပ် (၃) ဧက၊ စုစုပေါင်း (၂၁၁၇) ဧက ရှိပါသည်။။ တောင်သူငယ်နည်းပါးပြီး (၁၂.၅) ဧက အထက်ရှိ တောင်သူကြီး (၅၈) ဦး အထိရှိ၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမှာ ကျေးရွာရှိ စုစုပေါင်းအိမ်ထောင်စု၏ (၁၈.၆၄%) သာ ရှိပါသည်။

သစ်ယာဝကျေးရွာတွင် အဓိကစိုက်ပျိုးသည့် သီးနှံမှာ စပါးဖြစ်ပြီး ရော်ဘာ၊ ကွမ်းသီး၊ အုန်းသီးနှင့် ဆောင်းသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင် ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၄၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင်ထွန်စက် (၈၆) စီး၊ လက်တွန်းထွန်စက် (၁၁) စီး၊ အစေ့ချကိရိယာ (၂) ခု၊ ရိတ်သိမ်းခြွေလှေ့စက် (၂) လုံး၊ စပါးရိတ်စက် (၁) လုံး၊ ခြွေလှေ့စက် (၅၂) လုံး၊ ရေစုပ်စက် (၆) လုံးနှင့် မြက်ရိတ်စက် (၄၃) လုံး ရှိပါသည်။ ကိုယ်ပိုင်စက်ကိရိယာ မရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။

လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့် အခြေအနေတွင် ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့် သုံးစွဲမှုနှင့် ပတ်သက်၍ ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး နည်းပညာများ လက်ခံကျင့်သုံးလာနိုင်လျှင် စပါးအထွက်နှုန်းများ တိုးတက်လာပေမည်။ မြေဆီလွှာ မကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံအထွက်နှုန်းနည်းပါးမှုများ ကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး သင်တန်းများ လိုအပ်နေပါသည်။ ထို့အပြင် မြေဆွေး၊ အော်ဂဲနစ်များ ထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ သုံးစွဲနည်းများကို မသိရှိသည့်အတွက် ကျေးရွာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲတစ်ရပ် ဖြစ်နေပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း

သစ်ယာဝကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂) အိမ်ရှိပြီး နွားကောင်ရေ (၈) ကောင်၊ ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၁) စုမှ (၁၀) ကောင်၊ အိမ်ထောင်စု (၉၈) အိမ်မှ ဝက် (၂၆၉) ကောင်၊ အိမ်ထောင်စု (၉၂) အိမ်မှ ကြက် (၅၈၅) ကောင်၊ အိမ်ထောင်စု (၁၆) အိမ်မှ ဘဲ (၃၈) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူလိုကြသော်လည်းဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်လျက်ရှိပြီး တိရစ္ဆာန်ရောဂါကျရောက်မှု ရှိသည့်အတွက် ကျေးရွာသည် မြို့နှင့်အလှမ်းဝေးပြီး မွေး/ကု ဦးစီးဌာနမှ ဆရာဝန်များမှလည်း အချိန်မီ လာရောက်ကုသနိုင်ခြင်း မရှိသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်နည်းဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်နှင့် မျိုးကောင်းမျိုးသန့်များ ချိတ်ဆက် ဝယ်ယူရန် လိုအပ်လျက်ရှိပါသည်။ ငါးမွေးမြူရေး လုပ်ကိုင်နေသည့် အိမ်ထောင်စု (၄) စုမှ ငါးကန် (၈) ကန်ရှိပါသည်။ ရေငန် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်သည့် အိမ်ထောင်စု (၁၅၉) စု ရှိပါသည်။

သစ်ယာဝကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ ရေရရှိမှုနှင့် အိမ်ခြံဝင်းအတွင်း နေရာအသင့်အတင့် ရှိပါသည်။ ယခုအခါ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းကို စတင်မွေးမြူသည့် အိမ်ထောင်စု (၄) စု သာရှိသော်လည်း နောက်ပိုင်းတွင် မွေးမြူနိုင်သည့် အိမ်ထောင်စု များလာနိုင်သည့်အတွက် ငါးမွေးမြူရေးနှင့် သက်ဆိုင်သော နည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့် ရရှိနိုင်သည့် နေရာများ၊ မွေးမြူသည့် နည်းစနစ်များရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ ငါးမွေးမြူရေးနှင့် ငါးဖမ်းဆီးခြင်းမှ ထုတ်ကုန်များ ရောင်းချရမှု လွယ်ကူခြင်း၊ ငါးဖမ်းခွင့် အသင့်အတင့် ကောင်းမွန်ခြင်း စသည်တို့ ရှိပါသည်။

သစ်ယာဝကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာများမှာ စားကျက်မြေရှားပါးခြင်း၊ မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမရရှိနိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ မရရှိနိုင်ခြင်း၊ ချေးငွေများ အလွယ်တကူ မရသည့်အပြင် အတိုးနှုန်းကြီးစွာဖြင့်ချေးငှားရခြင်း၊ သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးထုတ်ကုန် ရောင်းဝယ်မှုများတွင်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းစသည့် အခက်အခဲတို့ ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

သစ်ယာဝကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင် လုပ်ကိုင်သူများနှင့် ဥယျာဉ်ခြံများတွင် အငှား လိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ၊ ရေလုပ်ငန်းတွင် လှေလိုက်သူ စသည့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ပါသည်။ လုပ်သားအင်အား ရရှိနိုင်မှု အသင့်အတင့် ရှိပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ ကျေးရွာရှိ ရောင်းဝယ်ဖောက်ကားနေသူ များတွင် ဈေးကွက်ဆိုင်ရာ အသိအမြင် အသင့်အတင့်ရှိပြီး၊ ကုန်ကြမ်းရရှိနိုင်မှု အခြေအနေ အသင့်အတင့်နှင့် ကျေးရွာနှင့် မြိတ်သို့ လမ်းပန်းဆက်သွယ်ရေးမှာလည်း အသင့်အတင့်သာ ကောင်းမွန်ပါသည်။

သစ်ယာဝကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ကျေးရွာတွင်နေထိုင်သောသူအချို့သည် အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင် သည့်အတွက် လုပ်သားအင်အား အသင့်အတင့်သာရှိခြင်း၊ အခြားဒေသထွက်ကုန်များမှာ လည်း ဈေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ နွေရာသီတွင် သွားလာရ အဆင်ပြေ သော်လည်း မိုးရာသီတွင် မြေသားလမ်းများ ဖြစ်သည့်အတွက် သွားလာရခက်ခဲခြင်း၊ (၂၄) နာရီ လျှပ်စစ်မီး မရရှိသေးခြင်း စသည်တို့ ဖြစ်ပါသည်။ ကျေးရွာတွင် (၂၀%) အတိုးနှုန်း ကြီးမြင့်စွာဖြင့် မိသားစုစားဝတ် နေရေးအတွက် ချေးယူနေရသည့်အတွက် သက်ဆိုင်ရာဌာန ဆိုင်ရာမှ ကာလရှည်ချေးငွေများ ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါသည်။ အဆင်ပြေ သည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက် မွေးဝမ်းကျောင်းပညာ သင်ယူနိုင် ကြပြီး ငွေကြေးမပြေလည်မှုကြောင့် ဆင်းရဲသည့်မိသားစုများအတွက် ပညာသင်ယူနိုင်သည့် အခွင့်အလမ်း နည်းပါးလှပါသည်။ ထိုကြောင့်ကျေးရွာတွင်ရှိသော အမျိုးသမီး/ အမျိုးသား ငယ်များအတွက် အသက်မွေး ဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေ ပါသည်။

## (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ ငါး၊ ပုစွန်၊ ငပိ၊ ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်တို့ ပါဝင်ပါသည်။ မြိတ်မြို့နှင့် သွားလာရ မဝေးသည့်ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချ နိုင်ပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သစ်ယာဝကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေမှ ကာလတို ချေးငွေများသာ ရရှိပါသည်။ အချို့တောင်သူများမှာ ပုံစံ (၇) ရရန် အခက်အခဲများ ရှိသည့် အတွက် ချေးငွေ မရယူသည်များ ရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထားသည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများ ချေး၍မရသည်များရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေပြန်ဆပ်ချိန်တွင် အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည်ချေးငွေများ ချေးယူရရှိမည်ဆိုပါက မိမိတို့ လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံ နိုင်လာမည် ဖြစ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သစ်ယာဝကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ် (၁၄၈) စီး၊ ထော်လာဂျီ (၂) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီးနှင့် ကား (၅) စီးကိုသာ အဓိကထား အသုံးပြုကြပါသည်။ ရေကြောင်းလမ်းအတွက် စက်လှေကို အဓိကထား အသုံးပြုကြပါသည်။

သစ်ယာဝကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရ ခက်ခဲခြင်း၊ ဗွက်ထခြင်းများ ဖြစ်ပေါ်နေပါသည်။ ကျေးရွာတွင်း ချဉ်းကပ်လမ်းများလည်း ပျက်စီးနေပါသည်။ ထို့ကြောင့် ကျေးရွာရှိလမ်းများ ကောင်းမွန်စေရန်အတွက် ပြုပြင်ဆောင်ရွက်လိုကြပါသည်။ သစ်ယာဝကျေးရွာတွင် သစ်သားတံတား (၄) စင်းရှိပါသည်။ တံတားများသည် ယိုယွင်းပျက်စီးနေပြီး ပြန်လည်ပြင်ဆင်ထားသော တံတားလည်း ရှိပါသည်။ သစ်သားတံတားအဆင့်မှ ကွန်ကရစ်တံတား အဆင့်သို့ ပြုပြင်ပေးရန် လိုအပ်လျက်ရှိပါသည်။ ယခုလက်ရှိ ကျေးရွာတွင် ဆိပ်ခံတံတားသည်ကွန်ကရစ် တံတားဖြစ်သောကြောင့် ကောင်းမွန်သည့် အနေအထားတွင် ရှိပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

သစ်ယာဝကျေးရွာတွင် မဟာဓာတ်အားလိုင်း ချိတ်ဆက်သုံးစွဲမှုမရှိပါ။ ကျေးရွာတွင် ဒီဇယ်အင်ဂျင်ဖြင့် မီးပေးဝေထားမှု ရှိသော်လည်း ညနေ (၆) နာရီမှ ည (၁၀) နာရီအထိ သုံးစွဲမှုအတွက် တစ်ရက်ကို (၅၀၀) မှ (၇၀၀) ကျပ်အထိ ပေးဆောင်ရပါသည်။ အချို့အိမ်ထောင်စုများမှာ ဆိုလာ၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များကို သုံးစွဲလျက်ရှိပါသည်။ ထို့ကြောင့် မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်မှု ဖြစ်ရပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး

ရရှိပါ က ကျေးရွာအတွင်း ကျောင်းသားများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမို ကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစား စီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ ပေးနိုင်ပါလိမ့်မည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

သစ်ယာဝကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၀၇) လုံး၊ ရေဒီယို (၁၁၅) လုံး၊ တီဗွီ (၂၈၂) လုံး၊ ဂြိုလ်တုစလောင်း (၇၇) လုံး စသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည် ဖုန်းကို စနစ်တကျ သုံးစွဲတတ်ခြင်း မရှိပါ။ ကျေးရွာတွင် (၂၄) နာရီမီးလင်းမှု မရရှိသည့်အတွက် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်ဘဲ သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများ ရှိပါသည်။ ကျေးရွာ၏ အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့် အခြေအနေများ ရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

## ၆။ ပညာရေး

သစ်ယာဝကျေးရွာတွင် စာမတတ်သူဦးရေ (၃) ဦးမှာ သက်ကြီးရွယ်အိုများ ဖြစ်ပါသည်။ ရာနှုန်းပြည့်နီးပါး စာတတ်မြောက်သည်ဟု ဆိုနိုင်ပါသည်။ ဘွဲ့ရသူဦးရေ (၅၈) ဦး အထိ ရှိနေပြီ ဖြစ်သည်။ မူလတန်းပညာ ပြီးမြောက်မှုမှာ (၈၉၉) ဦးရှိပြီး၊ အလယ်တန်းပညာပြီး မြောက်မှုမှာ (၇၅၃) ဦးရှိပြီး အထက်တန်းပညာ ပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေး ပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာ ပြီးဆုံးသူနှုန်းတို့မှာ တစ်ဝက်နှုန်းကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေး တိုးတက်မှုအတွက် အဓိက ဖြစ်ပါသည်။

သစ်ယာဝကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် ကျောင်းသား (၄၉၃) ဦး ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် လုံးဝ ကျောင်းမနေသူဦးရေ မရှိသည့်အပြင် ဘာသာရေး အခြေပြုကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။ လက်ရှိမူလတန်း တက်ရောက်နေသူဦးရေမှာ (၂၆၂) ဦးရှိပြီး အလယ်တန်း ကျောင်းတက်နေသူဦးရေမှာ (၁၉၄) ဦးနှင့် အထက်တန်းကျောင်း တက်နေသူဦးရေမှာ (၃၇) ဦး ရှိပါသည်။ ကျောင်းသားအချို့သည် ကျောင်းဖွင့်ရက်တိုင်း စက်ဘီး၊ ဆိုင်ကယ်၊ ခြေကျင်ဖြင့် သွားကြပါသည်။ မြိတ်တက္ကသိုလ်နှင့် အခြားအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် တက်ရောက်နေသူများမှာ (၂၃) ဦး ရှိပါသည်။

သစ်ယာဝကျေးရွာတွင် စာသင်ကျောင်းဆောင် (၂) ဆောင် ရှိပါသည်။ တစ်ဆောင်မှာ မူလတန်းအတွက်ဖြစ်ပြီး တစ်ဆောင်မှာ အလယ်တန်းနှင့် အထက်တန်းများအတွက် ဖြစ်ပါသည်။ စာသင်ကျောင်းသည် ကျေးရွာနှင့် နီးသောကြောင့် ကျောင်းသား/သူများ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်နှင့် သွားလာကြပါသည်။ ကျောင်းသား/ကျောင်းသူဦးရေ များသည့်အတွက် ကျောင်းသုံးပရိဘောဂများ မလုံလောက်ပါ။ စာသင်ကျောင်းအမိုးသည် မိုးမလုံသည့်အတွက် မိုးရာသီတွင် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အခက်အခဲရှိနေပါ သည်။ ထို့ကြောင့် စာသင်ကျောင်း ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းဆရာ/ဆရာမ မလုံလောက်မှု မရှိသည့်အတွက် ကျေးရွာမှ ကျောင်းဆရာမ (၂) ဦး ခန့်ထားပါသည်။

မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သာ ဖွဲ့စည်းထားခြင်းရှိပြီး ဆရာ/ဆရာမများအတွက် ဝန်ထမ်းအိမ်ရာလည်း မရှိပေ။ ကျောင်းမတက်နိုင်သူများကို ကျေးရွာမှ ကျောင်းထားပေးသည့် အစီအစဉ်လည်း ရှိပါသည်။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား၊ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်း အားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သစ်ယာဝကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန တစ်ခုရှိပါသည်။ ကျေးရွာတွင် ငှက်ဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ တို့သည် အဖြစ်များပြီး ကျန်သည့်ရောဂါများမှာ အနည်းအကျဉ်းသာ ဖြစ်ပွားပါသည်။ အရေးပေါ် အခြေအနေမျိုး ဖြစ်ပေါ်မှသာ မြိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် ရွာခံသူနာပြုဆရာမ မရှိသည့်အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်သည့်အပြင် ကုတင်လိုအပ်မှုလည်း ရှိပါသည်။ ကျေးရွာတွင် လူနာတင်ယာဉ် မရှိသည့်အတွက် အရေးပေါ် လူနာများအတွက် ကားလိုအပ်လျက် ရှိပါသည်။ ကျေးရွာတွင် (၂၄) နာရီမီးမရှိသည့်အတွက် ဆေးများကို ရေခဲသေတ္တာနှင့် စနစ်တကျ သိမ်းဆည်း ထားခြင်းမရှိပါ။ ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်ပေးလျက် ရှိပါသည်။ သို့ရာတွင် ကျေးရွာ၌ အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေးသင်တန်းနှင့် ပတ်သက်၍ ပြုလုပ်ခြင်း မရှိသည့်အတွက် ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

သစ်ယာဝကျေးရွာတွင် အိမ်ထောင်စုအများစုသည် ရေတွင်းကိုသာ အဓိကအသုံးပြုကြပါသည်။ သောက်သုံးရေများကို သန့်ရှင်းစွာ အသုံးပြု နိုင်ရန်အတွက် ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးပေးရန် လိုအပ်လျက် ရှိနေပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံ

အိမ်သာသုံးစွဲမှုမှာ (၈၈) အိမ်သာ ရှိပါသည်။ မြစ်ကမ်းဘေးတွင် နေထိုင်သူများသောကြောင့် မသန့်ရှင်းသော အိမ်သာသုံးစွဲမှုများဖြစ်သည့် တွင်း/ ဇလားအိမ်သာ၊ တွင်းမရှိအိမ်သာနှင့် အိမ်သာမရှိသူများ ရှိသည့်အတွက် ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် ပြဿနာများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာပြောပွဲနှင့် ဆွေးနွေးပွဲများ၊ သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ချက် ရှိပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သစ်ယာဝကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ ပင်လယ်နှင့်နီးသည့်အတွက် ဒီရေတက်ချိန်တွင် ကျေးရွာတွင်းသို့ ဆားငန်ရေ ဝင်ရောက်မှု ရှိပါသည်။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှု မရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက် ရှိသဖြင့် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

သစ်ယာဝကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူခန့်ပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၄၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၅၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - သစ်ယာဝ | | | ကျေးရွာအမည် - သစ်ယာဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအထောက်အကူပြု ကော်မတီများ စနစ်တကျ ဖွဲ့စည်းခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | မြေယာ/ရေ | တာမြင့်တာထောက် ပြုလုပ်ခြင်း (.........' x ၆' x ၈')။ | |
| ၇ | စိုက်ပျိုးရေး | မြေယာ/ရေ | ရေသုံးစွဲသူ အစုအဖွဲ့ဖွဲ့၍ ရေသွင်းခြင်းဆိုင်ရာ တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် စနစ်တကျ သုံးစွဲရေးအတွက် ဆည်မြောင်းဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ | |
| ၈ | စိုက်ပျိုးရေး | စက်ကိရိယာ | စက်ကိရိယာများ အရစ်ကျ ဝယ်ယူ/ငှားရမ်းနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | |
| ၉ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၁၀ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၁၁ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | စီးပွားဖြစ်မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် မြို့နယ်မွေး/ကုဌာနနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၂ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန်ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၃ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ | ရေလုပ်ငန်း | ကမ်းဝေးဝါလက်ဖမ်းဆီးသူများ ကမ်းနီးတွင်လာရောက် ဖမ်းယူခြင်းမပြုနိုင်ရန် | |

| ကျေးရွာအုပ်စုအမည် - သစ်ယာဝ | | | ကျေးရွာအမည် - သစ်ယာဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | မွေးမြူရေးဆေးပညာ | | တားမြစ်ကာကွယ်ပေးခြင်း။ | |
| ၁၄ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၅ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်) | |
| ၁၆ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စပေါင်းဈေးကွက်ရှာဖွေခြင်း။ | |
| ၁၇ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၈ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများ နှင့် ချိတ်ဆက်ခြင်း။ | |
| ၁၉ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်ချေးငွေ ရရှိရန် ချိတ်ဆက်တင်ပြခြင်း။ | |
| ၂၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အမကကျောင်းတွင် ကျောင်းဆောင်အမိုး ပြန်လည်ပြုပြင်ခြင်း။ | |
| ၂၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပရေး ဖန်တီးခြင်း။ | |
| ၂၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၂၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ | ကလေးအားကစားကွင်းနှင့် ပစ္စည်းများ ဖြည့်တင်းခြင်း။ | |

| ကျေးရွာအုပ်စုအမည် - သစ်ယာဝ | | | ကျေးရွာအမည် - သစ်ယာဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | ပရိဘောဂ၊ | | |
| ၂၄ | ပညာရေး | ပညာ အရည်အသွေး | သီချင်းဆိုပြိုင်ပွဲ၊ ပန်းချီ ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ စသည့် အရည်အသွေးတက်စေသည့် ပြိုင်ပွဲများ ကျင်းပပေးခြင်း။ | |
| ၂၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ဆရာ၊ ဆရာမများအတွက် (၄) ခန်းတွဲ ဝန်ထမ်းအိမ်ယာ တည်ဆောက်ခြင်း။ | |
| ၂၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းတွင် ဂါလန် (၂၀၀၀) ဆံ့ရေစုကန် တည်ဆောက်ခြင်း။ | |
| ၂၇ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရာသီအလိုက်ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၂၈ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများ ပြည့်စုံစွာရရှိအောင်တင်ပြ တောင်းခံခြင်း။ | |
| ၂၉ | ကျန်းမာရေး | ကျန်းမာရေး ဆေးပေးခန်း | ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ယာ တည်ဆောက်ခြင်း။ | |
| ၃၀ | ကျန်းမာရေး | ကျန်းမာရေး အထောက်အကူပြု | လူနာတင်ယာဉ် တစ်စီး ဝယ်ယူခြင်း။ | |
| ၃၁ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရေနှင့်အိမ်သာ ကိစ္စရပ်များအတွက် ကျေးရွာကော်မတီနှင့် ကျေး/လက်ဦးစီး လက်တွဲဆောင်ရွက်ခြင်း၊ (ရွာနှင့်ကျေး/လက်ဦးစီးဌာနအတူ ရေတွင်းတူးဖော်၍ ရွာမှထိန်းသိမ်းခြင်း၊ ယင်လုံအိမ်သာသုံးစွဲမှု ပညာပေးခြင်းနှင့် မတတ်နိုင်သူများအတွက် ပံ့ပိုးခြင်း) | |
| ၃၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဝက်တိုးပြင်လမ်းအား (၁၈၀၀') ကျောက်ခင်းလမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၃၃ | အခြေခံအဆောက်အဦ | ကျေးလက် | တောင်နောက်လမ်း (၁၃၀၀') အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - သစ်ယာဝ | | | ကျေးရွာအမည် - သစ်ယာဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | လမ်းတံတား | | |
| ၃၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကြပ်တံတား (၁၄၃၀' x ၆' x ၆") အား ကွန်ကရစ်တိုင် သစ်သားကြမ်းခင်းဖြင့် ဆောင်ရွက်ခြင်း။ | |
| ၃၅ | အခြေခံအဆောက်အဦ | သောက်သုံးရေ | မြေသားရေကန် (၁၀၀' x ၁၀၀') အား ပြုပြင်ခြင်း။ | |
| ၃၆ | အခြေခံအဆောက်အဦ | သောက်သုံးရေ | အဝီစိတွင်းတူးဖော်ခြင်းနှင့် ရေကန် (၅၀၀၀) ဂါလံဆန့်အား တည်ဆောက်ခြင်း။ | |
| ၃၇ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။ | |
| ၃၈ | လျှပ်စစ် | အိမ်သုံးဆိုလာ | အိမ်သုံးဆိုလာပြားများ ရရှိအောင် တင်ပြခြင်း (၃၂၀) ခု။ | |
| ၃၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၄၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာကြည့်တိုက် ပြန်လည် လည်ပတ်နိုင်စေရန် ဆွေး နွေး လုပ်ဆောင်ခြင်း။ | |
| ၄၁ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်း ပြန်လည် ပြုပြင်ခြင်း။ | |
| ၄၂ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၄၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | နွေရာသီအားကစား ရက်တိုသင်တန်းများ စီစဉ်ပေးခြင်း။ | |
| ၄၄ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာပေဟောပြောပွဲများ ကျင်းပပေးခြင်း။ | |
| ၄၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာဖတ်သူအစုအဖွဲ့များဖွဲ့၍ တစ်ဦးတစ်အုပ်ကျဝယ်၍ လဲလှယ်ဖတ်ရှုပြီး ဆွေးနွေးသည့် အလေ့အထ တည်ဆောက်ခြင်း၊ | |
| ၄၆ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အရက်၊ မူးယစ်ဆေးကင်းစင် ကျေးရွာဖြစ်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်း၊ (ရောင်းသူ၊ သုံးသူ ပညာပေး၊ ဥပဒေအရ တားဆီးအရေးယူ) | |
| ၄၇ | လူငယ်နှင့်အားကစား | အမျိုးသမီး | အားကစား၊ စာပေ၊ စာရိတ္တ၊ လူမှုရေးစွမ်းဆောင်မှုများ အတွက် ဂုဏ်ပြုပွဲများ ကျင်းပခြင်း၊ | |

| ကျေးရွာအုပ်စုအမည် - သစ်ယာဝ | | | ကျေးရွာအမည် - သစ်ယာဝ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၄၈ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၄၉ | | | | |
| ၅၀ | | | | |

## သစ်ယာဝကျေးရွာ၊ သစ်ယာဝကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းလှိုင်ဦး | ဦးမြင့်သန်း | ၆/မအရ(နိုင်)၀၉၈၆၅၇ | ၄၅ | ဥက္ကဋ္ဌ | |
| ၂ | ဦးသန်းစိုး | ဦးအောင်ကြည် | ၆/မအရ(နိုင်)၀၇၃၇၇၃ | ၅၂ | အတွင်းရေးမှူး | |
| ၃ | ဒေါ်ဌေးဌေးမူ | ဦးတင်ဌွေ | ၆/မအရ(နိုင်)၁၁၁၁၂၈ | ၄၁ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးနိုင်ဝင်းကို | ဦးမြင့်ဌေး | ၁၁/တတန(နိုင်)၁၉၉၂၅၀ | ၃၀ | စာရင်းကိုင် | |
| ၅ | ဦးမြင့်တင် | ဦးလှိုင်းဖေ | ၆/မအရ(နိုင်)၀၇၅၃၂၇ | ၆၁ | အဖွဲ့ဝင် | |
| ၆ | ဦးစိုးဝင်း | ဦးဘထူးတင် | ၆/မအရ(နိုင်)၀၇၅၉၂၉ | ၆၁ | အဖွဲ့ဝင် | |
| ၇ | ဒေါ်ဇင်သန်းခိုင် | ဦးကြိုင် | ၆/မအရ(နိုင်)၁၃၁၂၇၂ | ၃၈ | အဖွဲ့ဝင် | |
| ၈ | ဒေါ်ဇင်မာနွေး | ဦးသောင်းစိုး | ၆/မအရ(နိုင်)၂၀၁၀၂၉ | ၂၉ | အဖွဲ့ဝင် | |
| ၉ | ဒေါ်ကြူကြူသင်း | ဦးအောင်မြင့် | ၆/မအရ(နိုင်)၀၉၃၂၃၆ | ၄၃ | စာရင်းစစ် | |
| ၁၀ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၈ | ၁၁ | ၂၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၇၁ | ၆၁ | ၁၃၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၉၆ | ၈၅ | ၁၈၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၅၁ | ၁၁၁ | ၂၆၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၃၀ | ၅၉၇ | ၁၂၂၇ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄၁ | ၇၀ | ၁၁၁ |
| **စုစုပေါင်း** | | **၁၀၀၇** | **၉၃၅** | **၁၉၄၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၂၉** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ သစ်ယာဝကျေးရွာတွင် အိမ်ထောင်စု (၄၂၉) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၁၉၄၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၄၉%)၊ ၅ နှစ်အောက်ကလေးအရွယ် (၆.၇၉%)၊ မူလတန်းကျောင်းသားအရွယ် (၉.၃၂%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၃.၄၉%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၇၁%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၆.၈၂%) နှင့် အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၆၃၀) ဦး၊ မ (၅၇၉) ဦး စုစုပေါင်း (၁၂၂၇) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၃.၁၈%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်းကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၀ | ၆၅ | ၁၇ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၇ | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၆ | ၁၇၆ | ၅ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | ၉ | မြင့်☐လတ်☑နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၅ | ၂၅ | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၃၆ | ၁၈ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၄၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၆၀ | ၁၈၂ | ၂၆ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁၁ | မြင့်☐လတ်☑နိမ့်☐ |
| | **စုစုပေါင်း** | **၄၂၉** | **၅၀၀** | **၁၄၁** | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင် **“မိသားစုဝင်လုပ်အား”**

ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။သစ်ယာဝကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအား အဓိကထား လုပ်ကိုင်သော အိမ်ထောင်စု (၆၀) ရှိပြီး၊ ရေလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စု (၁၃၆) စုနှင့် ရေလုပ်ငန်းတွင် လုပ်သားအဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စု (၇) စု ရှိပါသည်။ ထို့ကြောင့် သစ်ယာဝကျေးရွာသည် ရေလုပ်ငန်းအား အများစုက အဓိကဝင်ငွေရ အလုပ်အကိုင်အဖြစ် အားထားလုပ်ကိုင်ကြသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ စက်ပြင်လုပ်ငန်း၊ အလှပြင်ဆိုင်၊ အပ်ချုပ်ဆိုင်၊ ဈေးဆိုင်ဖွင့်ရောင်းချခြင်း၊ လယ်ယာထွက်ကုန်နှင့် ရေလုပ်ငန်းထွက်ကုန်များအား ရောင်းဝယ်ဖောက်ကားကြသည့် အိမ်ထောင်စုမှာ (၃၂) အိမ်ထောင်စု ရှိပါသည်။ အခြားရွာများနည်းတူ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြသည့် အိမ်ထောင်စု (၁၆၀) စု ရှိပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇,၀၀၀ | ၆,၀၀၀ | ၅,၀၀၀ | ၄,၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၈,၀၀၀ | - | ၅,၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅,၀၀၀ | ၄,၀၀၀ | ၅,၀၀၀ | ၄,၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅,၀၀၀ | ၅,၀၀၀ | ၁၀,၀၀၀ | ၅,၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ သစ်ယာဝကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများသည် တစ်နေ့လျှင် အမျိုးသား (၆၀၀၀)၊ အမျိုးသမီး (၅၀၀၀) ကျပ် ရရှိပါသည်။ ငါးလုပ်ငန်းတွင် အမျိုးသား (၆၀၀၀) ကျပ် ရရှိပါသည်။ ထုတ်ကုန်လုပ်ငန်းတွင် အမျိုးသား (၅၀၀၀) ကျပ်၊ အမျိုးသမီး (၄၀၀၀) ကျပ်၊ ပန်းရံလုပ်ငန်း လုပ်ကိုင်သူများတွင် အမျိုးသား (၁၅၀၀၀)၊ အမျိုးသမီး (၅၀၀၀) ကျပ် ရရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် နေ့စားအလုပ်လုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများရှိသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန် လိုအပ်လျက်ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်အားခသည် တန်းတူမရသည့်အတွက် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများသည် စားဝတ်နေရေး မဖူလုံမှုများ ရှိနေပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၅၆၈ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၄၅၆ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၉၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **စုစုပေါင်း** | **၂၁၁၇** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုး မျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ သစ်ယာဝကျေးရွာတွင် လယ်မြေစိုက်ဧက အသင့်အတင့် ရှိသော်လည်း မြေဆီလွှာပျက်စီးခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းများရှိပြီး စိုက်ပျိုးမြေများ မချဲ့ထွင်နိုင်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ မမှန်ကန်ခြင်း၊ နည်းပညာ အားနည်းခြင်း၊ ဈေးကွက်လက်လှမ်းမီမှု အားနည်းခြင်းစသည့် အခက်အခဲ ပြဿနာများ ရှိနေသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ လိုအပ်လျက်ရှိနေပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။သစ်ယာဝကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများနှင့် ကျောက်၊ သဲ၊ ကျောက်စရစ်၊ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး သဘာဝ အပင်မျိုးစိတ်များ၊ ဘဘာဝ တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှု နှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၂၀** | **၈၉** | **၁၇၀** | **၁၅၀** |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ သစ်ယာဝကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၄.၆၆%) သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၂၀.၇၅%) ရှိ

သဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ (၇၄.၅၉%) ရှိသည့်အတွက် ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်အများစုမှာ မိသားစု စားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.................................................................................

.......................................................................................................

.......................................................................................................

.......................................................................................................

.......................................................................................................

### (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက် | ၇ | ၁၁ | ၁၈ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၇ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂၃ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။သစ်ယာဝကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို လူဦးရေ (၁၈) ဦးရှိပါသည်။ သို့ရာတွင် ကျေးရွာမှ ကူညီစောင့်ရှောက်မှုများ အပြည့်အဝ ပေးထားပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့်အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုနှင့် မုဆိုးဖို/ တစ်ခုလပ် ဦးဆောင်သော အိမ်ထောင်စု (၁၈) စုရှိပြီး အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု (၂၃) စု ရှိသည့်အတွက် ထိခိုက်လွယ်မှု အခြေအနေများ ရှိနေပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။သစ်ယာဝကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ သင့်တင့်သော

အနေအထားတွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့်ကျေးရွာ ဖြစ်ပါသည်။ စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ လျှော်လှုပ်ခြင်း၊ မြေပြိုခြင်းများ မရှိပါ။ ပင်လယ်နှင့်နီးသောကြောင့် ဒီရေတက်ချိန်တွင် လမ်းများရေကျော်သည့် အခြေအနေတွင် ရှိပါသည်။ ဆားငန်ရေဝင်ရောက်မှုရှိပြီး လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါနှင့် ငှက်ဖျားရောဂါ ကျရောက်မှု အနည်းငယ် ရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ တီရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု ရှိသည့်အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်ပြီး စီးပွားဖြစ် မွေးမြူနည်းပညာနှင့် သင်တန်းများ လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်းရှိလမ်းသည် မိုးရာသီတွင် သွားလာရခက်ခဲသည့်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးစသည့် ကိစ္စအဝဝအတွက် နှောင့်နှေးကြန့်ကြာနေရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
